ကျောက်လှေကားကျေးရွာ

သရက်ချောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်လှေကားကျေးရွာ၊သရက်ချောင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ကျောက်လှေကားကျေးရွာ သယံဇာတပြမြေပုံ၊ သရက်ချောင်းမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၅
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၅
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၅
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၅
	(က) သီးနှံ စိုက်ပျိုးရေး	၅
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) ငါးလုပ်ငန်း	၇
	(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၀
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၂
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၈
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၀
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရ ရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်

ပံ့ပိုးမှုများရရှိ နိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါ ကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက် မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာစသည်တို့ကိုအဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၁၉
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သရက်ချောင်းမြို့နယ်
ကျောက်လှေကားကျေးရွာ

ကျောက်လှေကားကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်ချောင်းမြို့နယ်



ကျောက်လှေကားကျေးရွာ ကျေးရွာ ရာသီခွင်ပြပြကွဒိန် သရက်ချောင်းမြို့နယ်





၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျောက်လှေကားကျေးရွာသည် စော်ဖျားကျေးရွာအုပ်စု၊ သရက်ချောင်းမြို့နယ်တွင်ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်ခန့်ကပင် တည်ရှိနေသော ရွာတစ်ရွာ ဖြစ်ပါသည်။ တောင်ဘက်တွင် တောင်ကုန်းတောင်တန်းများ၊မြောက်ဘက်တွင် စော်ဖျားကျေးရွာ၊ အရှေ့ဘက်တွင် ပဒတ်ချောင်းကျေးရွာ နှင့် အနောက်တောင်ဘက်တွင် ကြားအင်းကျေးရွာတို့ဖြင့် ထိစပ်လျက်ရှိသည်။ ကျေးရွာ၏

ပတ်ပတ် လည်တွင် စိမ်းစိုသော တောင်တန်းများဖြင့် ဝန်းရံထားပါသဖြင့် နေချင်ဖွယ်ကောင်းသော ကျေးရွာတစ်ရွာ ဖြင့်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျောက်လှေကားကျေးရွာသည် သဘာဝအရင်းအမြစ်များအနေဖြင့် ရွာတွင် ရာဘာတော၊ ကွမ်းသီးတောများ စိုက်ပျိုးထုတ်လုပ်ကြပါသည်။ အခြားသောသတ္တု၊ကျောက်မျက်၊ ခဲ စသည့် သယံဇာတ တွင်းထွက်များမှာ အလွန်ပင်ရှားပါးလှပါသည်။ မြစ်ချောင်းများမှ ရေချိုကျောက်များ ထုတ်ယူ သုံးစွဲ ကြပါသည်။ ထိုသို့ သယံဇာတ တွင်းထွက်များမရှိသဖြင့် ကျေးရွာရှိအိမ်ထောင်စု တစ်စုချင်းစီ၏ ဝင်ငွေဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အစစ အရာရာနှောင့်နှေးနေပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ

ကျောက်လှေကားကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၁၄) အိမ်ရှိပြီး လူဦးရေပေါင်း (၇၃၀) ဦးရှိပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ နာရေးကူညီမှုအသင်း၊ မိန်းမကြီးအဖွဲ့၊ ကာလသား ကာလသမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရောစုပေါင်း လုပ်ဆောင်နေကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ဖြစ်သော World Vision အဖွဲ့အစည်းသည် ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍ၊ကျန်းမာရေးကဏ္ဍများအတွက် လိုအပ်သော အထောက်အပံ့များ၊ချေးငွေများကို ဆောင်ရွက်ပေးနေပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင် ပေးလျက်ရှိပါသည်။ ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျောက်လှေကားကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၅၀)ဧက၊ ဥယျာဉ်ခြံမြေ(၁၃၀)ဧကနှင့်စုစုပေါင်း(၃၈၀)ဧကရှိပါသည်။ ၂.၅ ဧက အောက် ဆင်းရဲသားတောင်သူ (၁၀)အိမ်ထောင်စု၊၂.၅ဧကမှ၅ဧကကြားတောင်သူငယ် (၃၀) အိမ်ထောင်စု၊ ၅ဧကမှ၁၂.၅ဧကကြား တောင်သူလတ်(၅၀)အိမ်ထောင်စု၊၁၂.၅ဧကအထက်တောင်သူကြီး(၃၄)အိမ်ထောင်စု နှင့် မြေယာမဲ့ တောင်သူ(၆)အိမ်ထောင်စုစသည်တို့ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံလုပ်ငန်းကို အားထား စိုက်ပျိုး

ကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၅.၂၆%)ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတကောင်းမွန်သော ရွာတစ်ရွာ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း ကိုအခြေခံသောရွာတစ်ရွာဖြစ်သော်လည်း ရွာ၏ဝမ်းစာဖူလုံမှုအတွက်သာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျ ရောက်ခြင်းများရှိနေပါသည်။

ကျေးရွာ၏အဓိကထွက်ကုန်များမှာ ရာဘာနှင့် ကွမ်းသီးတို့ဖြင့်ပါသည်။ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်း မှာ တစ်ဧကပျမ်းမျှ (၄၅)တင်း သာရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၃)စီး၊ မြက်ရိတ်စက်(၂၀)လုံးရှိပါသည်။ ကိုယ်ပိုင်စက်ကိရိယာမရှိသူများက ငှားရမ်း လုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန်သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ် ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှ တဆင့်ရောင်းချနိုင်ကြပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာသုံးစွဲနေပါသည်။ စိုက်ပျိုးမြေ များတွင် ဆားငန်ရေဝင်ရောက်မှုရှိသဖြင့် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ မလုံလောက်ခြင်းများရှိနေပါသည်။ ကျောက်လှေကား ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာမြေအရည်အသွေးမကောင်းခြင်း၊ စိုက်ပျိုး နည်းစနစ်အတိုင်း လိုက်ပါလုပ်ဆောင်နိုင်မှုအားနည်းခြင်း၊ စိုက်ပျိုးရေအရင်းအမြစ် အလွယ်တကူ မရရှိနိုင်ခြင်း၊ အထွက်ကောင်း သီးနှံမျိုးစေ့များအလွယ်တကူမရရှိခြင်း၊ ပိုးမွှားရောဂါကျရောက်မှု အနည်းငယ်ရှိခြင်း၊ ဥယျာဉ်ခြံစိုက်ပျိုးသူများအတွက် ချေးငွေမရရှိနိုင်ခြင်း စသည်တို့ရှိသည့်အတွက် စိုက်ပျိုးရေးနည်းပညာ ပေးသင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျောက်လှေကားကျေးရွာတွင် အိမ်ထောင်စု(၄၀)အိမ်မှ ကြက်(၄၀၀)ကောင်၊ အိမ်ထောင်စု (၂)စုမှဝက်ကောင်ရေ(၇)ကောင်နှင့် မွေးမြူရေးကန်(၁)ကန်စသည့်တို့ကို တပိုင်တနိုင် မွေးမြူကြပါ သည်။ ရေငန်ငါးဖမ်းခြင်း(ဝါလတ်လှေ လုပ်သား) လုပ်ကိုင်နေသည့် အိမ်ထောင်စုအနည်းငယ်ရှိပါ သည်။

စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်ကြရန်အတွက် မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများအားနည်းကြပါသည်။

(ဂ) ငါးလုပ်ငန်း

ကျောက်လှေကားကျေးရွာမှအိမ်ထောင်စုများသည်ကျေးရွာအတွင်းနှင့်အနီးပတ်ဝန်းကျင်ရှိချောင်း၊မြောင်းများတွင် ပိုက်ကွန်များဖြင့် ငါးဖမ်းလုပ်ငန်းကိုသာလုပ်ကိုင်ကြပါသည်။ ထိုငါးဖမ်းလုပ်ငန်းမှ သားငါးများသည် ကျေးရွာ၏စားနပ်ရိက္ခာဖူလုံမှုအတွက်သာရရှိပြီး အခြားနေရာများသို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျောက်လှေကားကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ စျေးရောင်း၊ လက် ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင် ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်စသည့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည် ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကုန်စည်များ သယ်ယူပို့ဆောင်စရိတ် ကြီးမားသောကြောင့် အသားတင်အမြတ် ငွေနည်းပါးပါသည်။ ထို့ကြောင့်ဆန်စပါးများ ရောင်းချလိုသည့်အခါ အခြားနီးစပ်ရာ ကျေးရွာများရှိ ဆန်ကုန်သည်များနှင့် ရောင်းချနေကြရပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျောက်လှေကားကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၅-၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်းများမလိုအပ်ပါ။ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှ အတိုးနှုန်း(၁ %)ဖြစ် ချေးယူရရှိပြီး အာမခံသူရှိမှ ချေးယူရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်း မျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့ အတွက်လိုအပ် သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ပုဂ္ဂလိက ဘဏ်များမှ အတိုးနှုန်း သက်သာစွာဖြင့် ကာလရှည် ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများအတွက် မှီခို အဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျောက်လှေကားကျေးရွာ၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်မော်တော်ဆိုင်ကယ်များ၊ထော်လာ ဂျီ များနှင့် ကားများကိုသာ အဓိကထား အသုံးပြုကြပါသည်။ ထားဝယ်-မြိတ်ကားလမ်းမကြီး ဖောက်လုပ်ပြီးစီးသည့် အချိန်မှစ၍ ကုန်းလမ်းခရီးကို ပိုမိုအသုံးပြုနိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဘက်ဘက်မှ မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ ဗွက်ထခြင်းများဖြစ်သည့် အတွက် ကွန်ကရစ်လမ်း သို့ အဆင့်မြှင့်တင်လိုခြင်း၊ စာသင်ကျောင်းမှ ကျောက်လှေကားရွာအတွင်းရှိပြီးမြေသားလမ်း ဖြစ်နေသည့်အတွက် ကွန်ကရစ် လမ်းအဖြစ် အဆင့်မြှင့်တင်လိုခြင်း ပြုလုပ်လိုကြပါသည်။ ကျေးရွာချင်းဆက် လမ်းတွင် သစ်သားတံတား (၁)စင်းရှိပြီး အရည်အသွေးမှာ ကောင်းမွန်မှု မရှိပါ အခက်အခဲရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျောက်လှေကားကျေးရွာတွင် ကျေးရွာမီးလင်းရေးအနေဖြင့် တစ်ရွာလုံးလျှပ်စစ်မီးမရရှိပါ။ ဒီဇယ်သုံးအင်ဂျင်ဖြင့် အသုံးပြုနေသော အိမ်ထောင်စု(၁)စုရှိပြီး အမျိုးအမည်ခွဲခြားဖော်ပြခြင်း မပြုနိုင်သောလျှပ်စစ်ဓါတ်အားပေးစနစ် အသုံးပြုနေသည့် အိမ်ထောင်စု(၃)စုရှိပါသည်။လျှပ်စစ်မီး အသုံးမပြုနိုင်သောအိမ်ထောင်စု(၃၈)ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျောက်လှေကားကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း(၁၂၀)လုံး၊ ရေဒီယို (၁၀) လုံး၊ တီဗွီ (၇) လုံး၊ ဂြိုလ်တုစလောင်း(၇)လုံး စသည်တို့မှ ရရှိသည့်အပြင် ကျောက်လှေကားကျေးရွာ နှင့်(၁)မိုင်လောက်ဝေးသည့် စော်ဖျားကျေးရွာတွင် တာဝါတိုင်ရှိသည့်အတွက် ဖုန်းဖြင့် သတင်း နှင့်အချက် အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ပါသည်။ အင်တာနက်လိုင်းမှာ အသုံးပြုရနေး ကွေးပါသည်။

၆။ ပညာရေး

ကျောက်လှေကားကျေးရွာတွင် အသက်ကြီးပိုင်း စာမတတ်သူ တစ်ချို့ရှိပါသည်။ ဘွဲ့ရသူဦးရေ အသင့်အတင့်ရှိနေပြီဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ ကျေးရွာရှိစုစုပေါင်း

လူဦးရေ၏ (၆၁.၃၆%)၊ အလယ်တန်းပညာပြီးမြောက်မှုမှာ(၂၇.၃၉%)ရှိပြီး၊ အထက်တန်းပညာပြီးမြောက် မှုတွင် သိသာစွာလျော့နည်း လာပါသည်။ သို့သော်လည်းယခင်ကာလများနှင့် နှိုင်းစာလျှင် ဘွဲ့ရဦးရေ များပြားလာသည် ဟုဆိုနိုင်ပါသည်။ ကျေးရွာအတွင်း စာတတ်မြောက်နှုန်းမှာ ယခုချိန်ဆို ကျောင်းထွက်သည့် ကျောင်းသာဦးရေ လည်းမရှိပါ။ စားဝတ်နေရေး မပြေလည်သည့် မိသားစုများပင် မိမိတို့တတ်နိုင်သလောက် လုပ်အားခများ ကြိုယူ၍ ကျောင်းထားကြသည်။

ကျောက်လှေကားကျေးရွာတွင် ယခုလက်ရှိ မူလတန်းပညာသင်ကြားနေသော လူဦးရေမှာ (၆၈)ဦး၊ အလယ်တန်းပညာသင်ကြားနေသူ(၃၅)ဦးနှင့် အထက်တန်းပညာ သင်ကြား နေသူ(၁၇)ဦး ရှိပြီး ကျောင်း ဆရာ/ဆရာမ လုံလောက်မှုရှိပါသည်။စာသင်ဆောင်များ လုံလောက်မှုရှိသော်လည်း အမိုး၊နံရံ ၊ပြတင်းပေါက်များမကောင်းပါ။စာသင်ကျောင်း သုံးရေလုံလောက်မှုရှိစေရေး အတွက်လည်း လက်တူးတွင်း(၁)တွင်းတူးဖော်ပေးရန်လိုအပ်ပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက်နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာကောင်းမွန်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျောက်လှေကားကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိလိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေး သူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရွာသူ/သားများသည် ကျေးရွာအတွင်းနေထိုင်သော ကျန်းမာရေးဆရာမကိုသာမှီခိုနေရပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် ထားဝယ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသမှုခံယူကြရပါသည်။

ကျောက်လှေကားကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၄၀)တွင်းနှင့်မြစ်ရေ ချောင်းရေအနည်းငယ်ရှိပါသည်။ နွေရာသီတွင် ရေခမ်းခြောက်မှုများ မရှိပါ။ လုံလောက်သော သောက်သုံးရေကို ရရှိပါသည်။ တစ်ရွာလုံးအနေဖြင့် ရာသီသုံးမျိုးလုံးတွင်သန့်ရှင်းသောသောက်သုံးရေရရှိအောင် အိမ်တိုင်ရေသွယ်စနစ် ဖန်တီးလိုကြပါသည်။

ကျောက်လှေကားကျေးရွာတွင်ရွာလုံးကျွတ် သန့်ရှင်းသောအိမ်သာသုံးစွဲမှုရှိပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါ နှင့် ပတ်သက်သော ရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျောက်လှေကားကျေးရွာတွင်
ယခုလက်ရှိအချိန်အထိသဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများလည်း ထားရှိမှု မရှိပါ။အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိပါသည်။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှ သာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုတက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျောက်လှေကားကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင်ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ သည် အမျိုးသားများနှင့် တန်းတူပါဝင် လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန်တိုးတက် ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာ တွင်လယ်ယာလုပ်ငန်းများတွင် အမျိုးသမီးများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၅၀၀၀) ကျပ် ဖြစ်ပြီး အမျိုးသားများ ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၈၀၀၀) ကျပ်ဖြစ်ပါသည်။ ဆောက် လုပ်ရေး(ပန်းရံ)လုပ်ငန်းတွင် အမျိုးသမီးများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၇၀၀၀)ကျပ် ဖြစ်ပြီး အမျိုးသားများ၏တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၁၀၀၀၀)ကျပ်ဖြစ်ပါသည်။ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ် အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ် အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်း အဖွဲ့ များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက် မှုများ၊ ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – စော်ဖျားကျေးရွာ			ကျေးရွာအမည် – ကျောက်လှေကား	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	စိုက်ပျိုးရေး	နည်းပညာ	စပါးအထွက်တိုးစေရန် နည်းပညာနှင့် ပံ့ပိုးမှုများ ချိတ်ဆက်တင်ပြခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	စပါး/ရော်ဘာ၊ ဈေးနှုန်းအရနည်းခြင်းနှင့် သက်ဆိုင်ရာမှထိန်း ညှိပေးစေလိုခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	စက်ကိရိယာများ လုံလောက်စွာ ငှါးရမ်းခွင့်ရရန် ချိတ်ဆက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့် ထုတ်လုပ်သည့် နည်းပညာများရရှိရန် ချိတ်ဆက်ခြင်း။	
၅	ကျန်းမာရေး	ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း	ဝက်မွေးမြူရေး တိုးတက်လာစေရန် သားသတ်လိုင်စင်အား ဖြေလျှော့ပေးခြင်း။	
၆	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	တစ်ပိုင်တစ်နိုင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လာကြစေရန် တိုက်တွန်းနည်းပညာပေးခြင်း	

ကျေးရွာအုပ်စုအမည် – စော်ဖျားကျေးရွာ			ကျေးရွာအမည် – ကျောက်လှေကား	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၇	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် ဖော်ဆောင်ပေးခြင်း။	
၈	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	သင်တန်းများ	အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ (ကွန်ပျူတာ၊ ဝပ်ရှော့၊ အပ်ချုပ်စက်၊ ဆိုင်ကယ်ပြင်၊ ဆံပင်ညှပ်၊ စသည်) ပြုလုပ်ပေးခြင်း။	

ကျောက်လှေကားကျေးရွာ၊ စော်ဖျားကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမိုးဝင်း	ဦးမောင်အေးထွန်း	ဖ/သရခ (နိုင်) ၁၂၈၇၆၅		ဥက္ကဋ္ဌ	၀၉-၇၈၈၀၇၂၀၇၂
၂	ဦးလှိုင်အေး	ဦးထွန်းလှ	ဖ/သရခ (နိုင်) ၉၈၂၆၁၈		ဆပ်_ဥက္ကဋ္ဌ	၀၉-၇၇၆၆၉၅၇၆၇
၃	ဦးမောင်စိန်	ဦးချစ်ပို	ဖ/သရခ (နိုင်) ၀၀၉၂၁၈		အတွင်းရေးမှူး	၀၉-၄၉၂၇၆၉၃၂
၄	ဦးစိန်လင်း	ဦးမြင့်စိုး	ဖ/သရခ (နိုင်) ၉၈၇၀၁၂		စာရင်းကိုင်	၀၉-၄၂၀၇၂၆၈၃၇
၅	ဦးအောင်တင်လှ	ဦးရယ်ရယ်	ဖ/သရခ (နိုင်)		အဖွဲ့ဝင်	
၆	ဦးစောရယ်ထူး	ဦးစိန်ထွန်းဦး	ဖ/သရခ (နိုင်)		အဖွဲ့ဝင်	
၇	ဦးမိုးထွန်း	ဦးမောင်မောင်အေး	ဖ/သရခ (နိုင်)		အဖွဲ့ဝင်	

ရေးသားသူ အမည်: ရေး:ရက်စွဲ ရေး:ရက်စွဲ

ခွဲတမ်းအမှတ်	ရေးသားသူ အမည်	ရေးသားသည့် ရက်စွဲ	အကြောင်းအရာ	မှတ်ချက်
၁	ဦးမြင့်ဆွေ	၁၄/၀၃/၂၀၂၃	ကုန်ကြမ်းဝယ်ယူရေးနှင့် သိုလှောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရန် အကြံပြုခြင်း။	၅။
၂	ဒေါ်သီရိမာ	၂၂/၀၃/၂၀၂၃	ဝန်ထမ်းများ၏ ခရီးသွားစရိတ်နှင့် နေ့စားရိက္ခာ ထုတ်ယူရာတွင် ကိုက်ညီမှုမရှိသော ကိစ္စရပ်များ ရှင်းလင်းပေးရန် တောင်းဆိုခြင်း။	၆။
၃	ဦးကျော်ဇင်ထွန်း	၂၅/၀၃/၂၀၂၃	ဝယ်ယူရေးဌာန၏ ဝန်ထမ်းအင်အား ပြည့်မီမှုမရှိသဖြင့် ဝန်ထမ်းအသစ် ခန့်အပ်ပေးရန် တောင်းဆိုခြင်း။	၇။
၄	ဒေါ်ခင်မြသန်း	၂၈/၀၃/၂၀၂၃	ဌာနအတွင်းရှိ ကွန်ပျူတာ ၃ လုံး ပျက်စီးနေသဖြင့် အသစ်ဝယ်ယူပေးရန် တောင်းဆိုခြင်း။	၈။
၅	ဦးမောင်မောင်ဇော်	၀၁/၀၄/၂၀၂၃	ဌာနအတွင်းရှိ ဝန်ထမ်းများ၏ ပြောဆိုဆက်ဆံရေးနှင့် အလုပ်ခွဲဝေမှုတို့တွင် ပြဿနာများ ရှိနေသဖြင့် ဖြေရှင်းပေးရန် တောင်းဆိုခြင်း။	၉။
၆	ဒေါ်နီလာဝင်း	၀၅/၀၄/၂၀၂၃	ဌာနအတွင်းရှိ ရုံးခန်းအလင်းရောင် မလုံလောက်မှုကြောင့် ဝန်ထမ်းများ မျက်စိနာကြောင်း တိုင်ကြားခြင်း။	၁၀။
၇	ဦးသန်းဝေ	၁၀/၀၄/၂၀၂၃	ဌာနအတွင်းရှိ ရုံးခန်းများ၏ ပြတင်းပေါက်များ ပိတ်ဆို့နေသဖြင့် ဖွင့်ပေးရန် တောင်းဆိုခြင်း။	၁၁။
၈	ဒေါ်ခင်ခင်ဦး	၁၂/၀၄/၂၀၂၃	ဌာနအတွင်းရှိ ရုံးခန်းများ၏ ပြတင်းပေါက်များ ပိတ်ဆို့နေသဖြင့် ဖွင့်ပေးရန် တောင်းဆိုခြင်း။	၁၂။

ကျောက်ပွေကား ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအဆင့် သတ်မှတ်ခြုံ

စဉ်	အဆိုပြု စီမံချက် အမည်	မေးမှတ် (၁၁ မှ (၁၀)	ဦးစားပေး အဆင့်
၁။	ဝါး အထွက်တိုးရေရန် နည်းပညာနှင့် ပုံပိုးမှုများ ဖြိုက်ဆက်တင်ပြခြင်း။	၆၉	၁
၂။	ဝါး၊ ရှာဘာ ချေးနှုန်း အရနည်းခြင်းနှင့် သက်ဆိုင်ရာမှ ဝင်ရောက် တိန်းညှိပေးခြင်း။	၁၃	၂
၃။	စက်ကိရိယာများ လုံလောက်စွာ ငှားရမ်းခွင့်ရရန် ဖြိုက်ဆက်ခြင်း။	၄၉	၃
၄။	မျိုးကောင်း၊ မျိုးသန့် ထုတ်လုပ်သည် နည်းပညာများ ရရှိရန် ဖြိုက်ဆက်ခြင်း။	၃၈	၄
၅။	မွေးမြူနေးတိုးတက်လာရေရန် အသားသက်လိုင်စင်ကား ဖြေလျော့ပေးခြင်း။	၃၂	၅
၆။	တပိုင်တစိုင် စီးပွားမြစ် မွေးမြူနေးလုပ်ငန်းများ လုပ်ကိုင်လာကြ ရေရန် တိုက်တွန်းနည်းပညာပေးခြင်း။	၃၇	၆
၇။	အေသတွင်း အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာရေရန် ဖော်ဆောင်ပေးခြင်း။	၂၂	၂
၈။	အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ငကွန်ပျူတာ၊ ဝပ်ရှော့၊ အပ်ချုပ်စက်၊ ဆိုင်ကယ်ပြင်၊ ဆံပင်ညှပ် စသည်ပြုလုပ် ပေးခြင်း။	၁၄	၈

ကျောက်ရွှေကာ ကျေးရွာ အဆောင်အထည်ပေါ်ဆောင်ရွက်မည့် ကာလာဝင် ဒုတ်ပြုံး

စဉ်	အမှိုပြုံ စီစံချက်အမည်	နှီးစားပေးအသင့်	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈
၁။	ဓပါးစာကွက်တိုးခေရန် နည်းပညာနှင့် ပိုးမှုများ ဖြိတ်သတ်တင်ပြခြင်း။	၁	✓				
၂။	ဓပါး၊ ဆိုးဘာ ဈေးနှုန်းစာရနည်းခြင်းနှင့် သက်ဆိုင်ရာ မှ ထိုးဆွဲတိတိန်းဒုနှိပေးခြင်း။	၂		✓			
၃။	ခက်ကိရိပာများ လုံလောက်စွာရှာဖွေးရန်းခွင့်ရရန်ဖြိတ်သတ်ခြင်း။	၃			✓		
၄။	မျိုးကောင်းမျိုးသန့်ထုတ်လုပ်သည့်နည်းပညာများ ရရှိရန် ဖြိတ်သတ်ခြင်း။	၄		✓			
၅။	ဝက်မွေးမြူနေးတိုးတက်လာခေရန် သားသတ်လိုင်ဆင်းကား ဖြေလျော့ပေးခြင်း။	၅			✓		
၆။	တပိုင်တနိုင်ဖြီးပွါးဖြစ် မွေးမြူနေးလုပ်ငန်းများ လုပ်ကိုင်လာကြခေရန် တိုက်တွန်းနည်းပညာ ပေးခြင်း။	၆				✓	
၇။	အသတွင်း စာလုပ်စာကိုင် စာခွင့်စာလမ်း တိုးတက် လာခေရန် ဖော်ဆောင်ပေးခြင်း။	၇			✓		

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၅	၁၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၅	၂၀	၃၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၃	၃၅	၆၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၅	၂၅	၄၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၅	၂၇၂	၅၁၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၃	၃၂	၅၅
စုစုပေါင်း		၃၄၁	၃၈၉	၇၃၀
စုစုပေါင်း အိမ်ထောင်စု		**၁၁၄**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျောက်လှေကားကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၁၄)အိမ်ရှိပြီး လူဦးရေပေါင်း (၇၃၀)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ်(၂.၀၅%)၊ ၅နှစ်အောက် ကလေးအရွယ်(၄.၇၉%)၊ မူလတန်းကျောင်းသားအရွယ်(၉.၃၁%)၊ အလယ်တန်း ကျောင်းသားအရွယ် (၅.၄၇%)၊သက်ကြီးရွယ်ကြီးအရွယ်(၇.၅၃%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေ သည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၉.၁၇%)နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၄၅)ဦး၊မ(၂၇၂)ဦး စုစုပေါင်း(၅၁၇)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏

(၇၀.၈၂%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၈၆) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်း ထက်လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၀	၁၀၀	၀	မြင့် ☐ လတ်Â နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀	၀	မြင့် ☐ လတ်Â နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃၃	၁၅၀	၀	မြင့် ☐ လတ်☐ နိမ့် Â
	အလုပ်သမား / ဝန်ထမ်း	-	-	၀	မြင့် ☐ လတ်☐နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၂၅	၀	မြင့် ☐ လတ်☐ နိမ့် Â
	အလုပ်သမား / ဝန်ထမ်း	-	-	၀	မြင့် ☐ လတ်☐ နိမ့်☐
၄	**သစ်တောလုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၀	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၀	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၃	၀	မြင့် ☐ လတ် Â နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၅	၀	မြင့် ☐ လတ်Â နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၅	၀	မြင့် ☐ လတ☐ နိမ့် Â
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁၁	၀	မြင့် ☐ လတ် ☐ နိမ့် Â

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့်☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁၆	၀	မြင့် ☐ လတ် **Â** နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၄	၀	မြင့် ☐ လတ်☐နိမ့် **Â**
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း			၀	မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၆		မြင့် ☐ လတ် Âနိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်Â နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ေ ော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□နိမ့် □
	စုစုပေါင်း	၂၁၉	၃၃၅		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ” အရေအတွက်တွင် “မိသားစုဝင် လုပ်အား” ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)” ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –“စိုက်ပျိုးရေး” ကဏ္ဍ ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင် ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလို ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျောက်လေ့ကားကျေးရွာတွင် လက်လီလက်ကားဝယ်ယူရောင်းချသည့် လုပ်ငန်းကို အဓိကဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သောအိမ်ထောင်စု များပြားပါသည်။ ကျေးရွာ၏(၃၄.၄၈%)ရှိပါသည်။ လယ်စိုက်ပျိုးရေးအား ကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စု(၅၀) အိမ်မျှသာရှိပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ကိုင်သူများလည်းရှိပါသည်။ ဆောက်လုပ် ရေးလုပ်ငန်း နှင့်ပတ်သက်၍ ကိုယ်ပိုင်လုပ်ကိုင်သော အိမ်ထောင်စု(၂)အိမ်နှင့် အငှားလုပ်ကိုင်သ (၁၀)အိမ်ရှိပြီး၊ အခြားအိမ်ထောင်စုများမှာ အမျိုးအမည်မဖော်ပြနိုင် သောလုပ်ငန်းများ၊ ပန်းရံ လုပ်သားများ၊ ကုမ္ပဏီ တွင်လုပ်ကိုင်သူများ၊ ပညာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင် နေကြပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျောက်လှေကားကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေး လုပ်ငန်းများ အငှားလုပ်ကိုင်သူ ပိုမိုများပြားပါသည်။ တစ်နေ့တွင် အမျိုးသား (၆,၀၀၀)၊ အမျိုးသမီး(၅,၀၀၀) ကျပ်ရရှိပါ သည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အမျိုးသားတစ်နေ့လုပ်အားခ အများဆုံး(၁၅၀၀၀)ကျပ်နှင့်အနည်းဆုံး (၆၀၀၀)ကျပ်ရရှိပါသည်။အမျိုးသမီးများတစ်နေ့လုပ်အားခ အများဆုံး(၆၀၀၀)ကျပ် မှ (၅၀၀၀)ကျပ် ရရှိပါ သည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	**၁၅၀၀**	ကောင်း☐	သင့်**Â**	ညံ့ ☐
ယာမြေ / တောင်ယာမြေ	**၁**	ကောင်း☐	သင့်**Â**	ညံ့ ☐
ဥယျာဉ်ခြံမြေ	**၂၀၀၀**	ကောင်း☐	သင့်**Â**	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၁၀၀	ကောင်း ☐	သင့်**Â**	ညံ့ ☐
စုစုပေါင်း	၃၆၀၁	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျောက်လှေကားကျေးရွာ၏ စိုက်ပျိုးမြေအများစုမှာ ဥယျဉ်ခြံမြေများ အများဆုံးဖြစ်ပြီး မြေဆီလွှာအရည်အသွေးညံ့သည့်အခြေအနေတွင်ရှိပါသည်။ ဥယျဉ်ခြံမြေများသို့ပိုးမွှားများတောတိရိစ္ဆာန် များဝင် ရောက်မှုရှိသည့်အတွက် မြေဆီလွှာပျက်စီးခြင်း၊ အပင်များပျက်စီးခြင်းများ ကြုံတွေ့နေရပါသည်။ လယ်ယာမြေ (၁၅၀၀)ဧကော ရှိပြီးပိုးမွှားရောဂါ ကျရောက်မှုရှိသည့်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာပေး သင်တန်းများပို့ချပေးရန်လိုအပ်နေပါသည်။ ကွမ်းသီးနှင့် ရာသီစာသီးနှံ(အပင်နု)များ၊ ရော်ဘာပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း☐ မရှိ Â	လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ Â
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ **Â**	လွယ်☐ ခက်Âအသုံးမပြုနိုင်ပါ Â
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်မျိုး)	များ ☐ သင့် ☐ နည်း ☐ မရှိ **Â**	လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ Â
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း **Â** မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်လှေကားကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ ထွက်ရှိခြင်းမရှိပါ သဘာဝအပင်မျိုးစိတ်များ၊ ထွက်ရှိခြင်းအနည်းငယ်ရှိပါသည်။ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး မြစ်ချောင်းများမှ ချောင်းကျောက်ထုတ်လုပ်မှု များအနည်းငယ်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ သောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
		ကောင်း		
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၀	၅၀	၃၀	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျောက်လှေကားကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၃၀) အိမ်ခန့်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၅၀) အိမ်ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေး(သို့)ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လှမ်းမှ အထောက်အကူ ပြုနိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုမှာများပြားပါသည်။ ထိုကြောင့် မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများရှိနေပါသည်။

(ဃ) ထိခိုက်လွယ်မှု

(ဃ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____ Â _____ လုပ်အားခကြိုယူ = ___ _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၄၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____ Â _____ လုပ်အားခကြိုယူ = ____ Â _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၅၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ ___ အထောက်အပံ့ယူ = _____ ___ ချေးယူ = ____ Â ____ လုပ်အားခကြိုယူ = _____ Â _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျောက်လှေကားကျေးရွာသည် စီးပွားရေးအဆင်မပြေသော အိမ်ထောင်စု အရေအတွက် များသောကြောင့်ချေးယူပြီးစားဝတ်နေရေး အခက်အခဲများကိုဖြေရှင်းကြရပါသည်။ စီးပွားရေးအဆင်ပြေသည့် အိမ်ထောင်စုအရေအတွက်မှာ အလွန်ပင်နည်းပါးပါသည်။ လုပ်အားခ အကြိုယူပြီး မိသားစုပြဿနာများကို ဖြေရှင်းကြပါသည်။ ကျေးရွာသူရွာသားများသည် ရာသီအလိုက် လုပ်ကိုင်စားသောက်ကြသော အိမ်ထောင်စုများသော်လည်း ဝမ်းစာဖူလုံမှုမရှိပါ အများအားဖြင့် ချေးယူသည့် အိမ်ထောင်စုများပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၃၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျောက်လှေကားကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ မရှိပါ။ဆင်းရဲပြီးမိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၃၀) အိမ်ထောင်ရှိပြီး၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုမှာ အနည်းငယ်ရှိပါသည်။ ထိခိုက်သက်ရောက်မှု အခြေအနေများ ဖြစ်ပေါ်လာပါက ကျေးရွာပရဟိတအသင်းမှ တတ်နိုင်အားမျှကူ ညီဆောင်ရွက်ပေးပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် Â	နိမ့် ☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် Â	နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် Â ☐	လတ် ☐	နိမ့်☐	မရှိ
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၂	၄က်ဖျားရောဂါ	မြင့် ☐ ☐	လတ် ☐	နိမ့် Â	မရှိ
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် Â	**မရှိ☐**
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ ☐	လတ် ☐	နိမ့် Â	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		Â
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၇	လူကုန်ကူးခြင်း	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □ လတ် Â နိမ့်□ မရှိ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျောက်လှေကားကျေးရွာတွင် သဘာဝအရင်းအမြစ် ထွက်ရှိမှုရှားပါးပါသည်။ သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက် ခြင်း၊ငလျင်လှုပ်ခြင်း၊မြေပြိုခြင်းများမရှိသော်လည်း သစ်တောပြုန်းတီးခြင်းများ အနည်းငယ်ရှိပါသည်။ ငှက်ဖျားရောဂါ၊တီဘီရောဂါ နှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ တိရိစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု အနည်းငယ်ရှိသော်လည်း မွေး/ကုဋီးစီးဌာနမှဆရာဝန်များနှင့် ချိတ်ဆက်ရမည့်နည်းလမ်းများကို မသိရှိခြင်းကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ လူကုန်ကူးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများ မရှိပေ။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □ လတ် Â နိမ့်□ မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □ လတ် Â နိမ့်□ မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □ လတ် Â နိမ့်□ မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone	မြင့် □ လတ် □ နိမ့်□ မရှိ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
	to accident) တွင် နေထိုင်သူများ	Â
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □ လတ် □ နိမ့်□ မရှိ Â
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၉	ငါးကန်ပိုင်ရှင်များ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၁	လူနည်းစုလူမျိုးများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၅	ဆေးစွဲသူများ	မြင့် □ လတ် □ နိမ့် Â မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □ လတ် Â Â နိမ့်□ မရှိ
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □ လတ် Â □ နိမ့်□ မရှိ
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □ လတ် □ Â နိမ့်□ မရှိ
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □ လတ် □ Â နိမ့် Â မရှိ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျောက်လေကားကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး၊ သဘာဝ အရင်းအမြစ်များရှားပါးသဖြင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများမှာ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အခြေအနေမျိုးတွင်ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများ၊ လက်လုပ်လက်စား ကျပန်းလုပ်သားများ၊ နေရပ်ပြန် အခြေချသူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများလည်း အနည်းငယ် ရှိနိုင်ပါသည်။ ကားမောင်းပြီး သက်မွေးသူများလည်း အနည်းငယ်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	သမဝါယမ	၁☐ ၂☐ ၃☐	၃၀	၃၀	၆၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၂	စိုက်ဘဏ်	၁ ☐ ၂ ☐ ၃☐	၃၅	၀	၃၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၃	မြစိမ်းရောင်	၁☐ ၂☐ ၃ ☐	၅	၀	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄		၁□ ၂□ ၃□	၃၀	၃၀	၆၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅		၁□ ၂□ ၃□	၂၀		၂၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆		၁□ ၂□ ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၇		၁□ ၂□ ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □	ကောင်း □ သင့် □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ကျောက်လှေကားကျေးရွာတွင် ရွာတွင်းရှိအဖွဲ့အစည်းများသည် သူနေရာနှင့်သူ စည်းစည်းလုံးလုံးနှင့် စိတ်တူကိုယ်တူ ပူးပေါင်းပါဝင်ဆောင်ရွက် နေကြပါသည်။ သာရေးနာရေး (ပရဟိတ) အဖွဲ့မှလည်း ကျေးရွာအတွင်း နာရေးများဖြစ်ပေါ်ပါက တစ်အိမ်လျှင် (၃၀၀၀၀) သိန်း ထောက်ပံ့ပါသည်။ ပျို/လူပျို များမှာလည်း ကျေးရွာအတွင်းလူမှုရေး ၊ဘာသာရေးစသည့်တို့ကို ဆောင်ရွက်ပေးပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
